# သကေနေပွဲတော်၏အဓိပ္ပါယ်

**(Meaning of the Feast of Tabernacles)**

---

*အာရှတွင်ရှိသောဘုရားသခင်၏အသင်းတော်*

# သကနေပွဲတော်၏အဓိပ္ပါယ်မှာအဘယ်နည်း။

ဟေဗြဲ ပြက္ခဒိန်အားဖြင့် ၇ လပိုင်း ၁၅ ရက်နေ့တွင်သကနေပွဲတော်ဖြစ်တဲ့ ဥပုသ်နေ့ကြီးကျရောက်လျက်ရှိပြီး ရောမ ပြက္ခဒိန်အားဖြင့် စက်တင်ဘာသို့မဟုတ် အောက်တိုဘာလ တွင်ကျရောက်လျက်ရှိပါသည့်အတွက်ပထမရက်ကနေ ခုနစ်ရက်နေ့ အထိသကနေပွဲကိုကျင်းပကြပါသည်။

သကနေပွဲတော်၏အဓိပ္ပါယ်မှာအဘယ်နည်း။ ပဋိညာဉ်သစ်အသင်းတော်အတွက် အဘယ်သို့အဓိပ္ပါယ်ဖြစ်ပါသနည်း။

**"ဝတ်ပြုရာကျမ်း ၂၃း၃၄–၃၅"** ကိုဖတ်ရှုပါ။

ခုနစ်ရက်ပတ်လုံးဝတ်ပြုကိုးကွယ်ဖို့ကိုရှင်းရှင်းလင်းလင်းဖော်ပြထားပြီး ပထမရက်သည်လည်းသန့်ရှင်းသည့်အတွက်အတူတကွစုရုံးဝတ်ပြုကိုးကွယ်ရမည်။

ကျွန်တော်တို့သည်အလှူငွေများကိုလည်းကြိုတင်ပြင်ဆင်ယူလာရမည်ဖြစ်ပါသည်။

**"တရားဟောရာကျမ်း ၁၆း၁၃–၁၇"** ကိုဖတ်ရှုပါ။

သကနေပွဲတော်ကိုစုပေါင်းဝတ်ပြုကိုးကွယ်ခြင်းဟုလည်းခေါ်ဆိုထားပါသည်။ ကောက်ပဲသီးနှံများကိုသိမ်းစရှိသည်ကာလနှင့် နှစ်လည်သောအခါသိုထားပွဲကိုခံရမည်ဖြစ်ပါသည်။

နှစ်စဉ်ကျရောက်လျက်ရှိသည့်ဥပုသ်သို့မဟုတ် ဥပုသ်နေ့ကြီးသည်ခရစ်တော်ကြွလာချိန်ကိုတိကျစွာဖော်ပြထားပြီး၊စိုက်ပျိုးထားသည့်ကောက်ပဲသီးနှံများကိုစုသိမ်းသည့်ရာသီတွင်စုသိမ်းပြီးသန့်ရှင်းသည်နေမြေသို့ပို့ဆောင်မည်ဖြစ်ပါသည်။ သန့်ရှင်းသည့်နေ့ဥတုတွင်ဝိညာဉ်ရေးဆိုင်ရာစုရုံးရိတ်သိမ်းမည်ဖြစ်ပါသည်။

နွေရာသီအချိန်တွင် ပသခါပွဲ နှင့် အဇုမပွဲ ကိုကျင်းပလျက်ရှိပါသည်။ ပသခါပွဲသည်သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးသွားသည်ကို ကိုယ်စားပြုထားပါသည်။ အဇုမပွဲတော်ကျင်းပသည့်ရက်ကြားတွင်အလှူငွေကိုကောက်ခံရပါသည်။ အပတ်စဉ်ဥပုသ်ပြီးသည်နှင့်ပသခါပွဲကိုကျင်းပပြီးသည်နှင့်စတင်ရသည့် အဇုမပွဲတော်ပင်ဖြစ်ပါသည်။ထိုအချိန်တွင်သခင်ယေရှုသည်ကောင်းကင်သို့တက်သွားပြီးသူသာလျှင် အမြင့်ဆုံးသောထာဝရဘုရား၏အဦးသီးသောအသီးပင်ဖြစ်ပါသည်။

ဣသရေလလူမျိုးများသည်ကောက်ပဲသီးနှံများကိုအရင်ဆက်ကပ်မလှူဘဲရိတ်သိမ်းခြင်းမပြုပါ။ ဤကောက်ပဲသီးနှံအလှူ ကိုယ်စားသခင်ယေရှု ကိုယ်တိုင်လည်းရိတ်သိမ်းခြင်းခံထားနှင့်ခဲ့ရပါသည်။ သခင်ယေရှုကိုယ်တိုင်ပေးလှူပေးခဲ့သည်အတွက် တကမ္ဘာလုံးရှိ ဝိညာဉ်ရေးဆိုင်ရာကိုလည်းသူသာလျှင်စတင်ရိတ်သိမ်းမည့်သူဖြစ်ပါသည်။

ကောက်လိုင်းများရိတ်သိမ်းပြီး ခုနစ်ပတ်ပြည့်သည်နှင့်ပင်တေကုတ္တေပွဲကိုကျင်းပရမည်။

**“ဝတ်ပြုရာကျမ်း ၂၃း၁၇** နှင့် **တမန်တော် ၇း၃၈”** ကိုဖတ်ရှုပါ။

ရိတ်သိမ်းခြင်းအကြောင်းနှင့်ပတ်သက်ပြီးအသင်းတော်နှစ်ခုကိုပြောဆိုထားပါသည်။ ပထမအချက်သည်ဓမ္မဟောင်းအသင်းတော်ကိုပြောဆိုထားပြီးဒုတိယအချက် မှာဓမ္မသစ်အသင်းတော်ကိုပြောဆိုထားပါသည်။

သကနေပွဲသည်ကြီးမားသည့်ရိတ်သိမ်းပြီးပြန်လည်သိုလောင်သိမ်းဆည်းမည်ဖြစ်ပါသည်။ ယခုဤ သကနေပွဲရိတ်သိမ်းချိန်တွင်ထာဝရဘုရားကောင်းကြီးမင်္ဂလာပေးထားသည့်အတွက်အားလုံးအတူတကွပျော်ရွှင်ရမည်ဖြစ်ပါသည်။

သကနေပွဲကျင်းပပြီးရိတ်သိမ်းခြင်းသည်သခင်ယေရှုမကြွလာမီဝိညာဉ်ရေးဆိုင်ရာအရင်ရိတ်သိမ်းခြင်းကို ကိုယ်စားပြုထားပါသည်။

တမန်တော်ရှင်ယောဟန်သည်ရိတ်သိမ်းခြင်းနေရာယူရင်း ကြီးမားသည့်ဆင်းရဲဒုက္ခကြီးစွာခံရခြင်းပြီးသည်နှင့်အရာအားလုံးပြီးဆုံးသွားမည်ဖြစ်ပါသည်။

**"ဗျာဒိတ်ကျမ်း ၇း၉–၁၀"** ကိုဖတ်ရှုပါ။

ရာသီဥတုသုံးမျိုးတွင်သန့်ရှင်းသည့်နေ့သုံးမျိုးရှိပြီးသန့်ရှင်းသည့်နယ်မြေတွင်လည်းရိတ်သိမ်းခြင်းသုံးမျိုးရှိပါသည်။ဝိညာဉ်ရေးဆိုင်ရာရိတ်သိမ်းခြင်းကိုလည်းသုံးမျိုးဖော်ပြထားသည်မှာ ပထမအနေနှင့် သခင်ယေရှုကိုယ်တိုင်ဤလောကသို့လူ့ဇာတိအဖြစ်ရောက်လာသည့်အတွက် အဦးသီးသောအသီးဖြစ်ပါသည်။ နောက်ဓမ္မဟောင်းကျမ်းအသင်းတော်နှင့်ဓမ္မသစ်အသင်းတော်ကိုရိတ်သိမ်းခြင်းကိုစားအဦးသီးသောပွဲတော် (သို့မဟုတ်) ပင်တေကုတ္တေပွဲတော်ဟုပြောဆိုထားပါသည်။ နောက်ဆုံးကြီးမားသည့်စုပေါင်းရိတ်သိမ်းခြင်းနှင့်သိုလှောင်ထားပြီးသည့်နောက်သခင်ခရစ်တော်ကြွလာကာ ရှင်ဘုရင် တကာရဲ့ ရှင်ဘုရင်အဖြစ် ယေရုရှလင်မြို့တော်၌နှစ်ပေါင်းတစ်ထောင်စိုးစံမည်ဖြစ်ပါသည်။

လူသားတွေကိုနှစ်ပေါင်းခြောက်ထောင်အုပ်ချုပ်ထားခိုင်းပြီးသည့်နောက်သခင်ယေရှုကိုယ်တိုင်ကြွလာကာပျော်ရွှင်စွာနှစ်ပေါင်းတစ်ထောင်အုပ်ချုပ်သွားမည်ဖြစ်ပါသည်။ ထိုအချိန်တွင်လည်း ပျော်ရွှင်စွာ သကနေပွဲတော်ကိုကျင်းပမည်။ သကနေပွဲတော်ကိုယ်စား နှစ်ပေါင်းတစ်ထောင်အနားယူသည့် ဥပုသ်နေ့များဖြစ်ပါသည်။

**"တရားဟောရာကျမ်း ၁၂း၁၂"** ကိုဖတ်ရှုပါ။

**"ဇာခရိ ၁၄း၁၆–၁၉"** ကိုဖတ်ရှုပါ။

သခင်ခရစ်တော်ကြွလာပြီး ယေရုရှလင်မြို့တွင်နှစ်ပေါင်းတစ်ထောင်စိုးစံအုပ်ချုပ်သည့်အချိန်တွင်လည်း ကျွန်ုပ်တို့အားလုံးပျော်ရွှင်စွာဖြင့် ယာယီအိမ်တွင်နေကာ အလှူငွေကောက်ခံခြင်းဖြင့် ပျော်ရွှင်မှုကိုမျှဝေကြရမည်ဖြစ်ကြောင်းကျမ်းစာထဲတွင်သွန်သင်ထားပါသည်။

ဘုရားသခင်ပညတ်ထားသည်မှာခရစ်တော်ကြွလာပြီးကျွန်ုပ်တို့နှင့်အတူပျော်ရွှင်စွာဘုရားသခင်၏နိုင်ငံတော်တွင်ပွဲတော်များကိုကျင်းပသွားကြမည်ဖြစ်ပါသည်။ကျွန်ုပ်တို့သည်ဘုရားသခင်၏နိုင်ငံတော်တွင်ဤလောကရှိလူသားအားလုံးအတွက်ကယ်တင်ခြင်းအကြောင်းအစီအစဉ်များကိုလေ့လာသွားကြမည်ဖြစ်ပါသည်။

**Pastor Thurston Leon Sexton**


Sabbath Church Of God in Asia
213/1 Moo 3, Ban Mae Sa Luang
T. Mae Sa, A. Mae Rim
Chiang Mai 50180 Thailand


ဘာသာပြန်သူ– အားဂျာရှန်